# Bluetooth Headset ဒါမှမဟုတ် Speaker Phone ဝယ်မယ်ဆိုရင် ...

Bluetooth headset ၊ ဒါမှမဟုတ် ကားထဲမှာ အသုံးပြုတဲ့ speaker phone နဲ့သာဆိုရင် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးစကားပြောဆိုလို့ရသလို style ကျပြီး လွတ်လပ်မှုကိုလည်း ရရှိစေပါလိမ့်မယ်။ အခုအဲဒီအရာ တွေကို ဝယ်ယူမယ်ဆိုရင် ထည့်သွင်း စဉ်းစားသင့်တဲ့ အချက်တွေကို စုစည်း ဖော်ပြပေးလိုက်ပါတယ်။

## Bluetooth headset

ဈေးကွက်ထဲမှာ bluetooth headset တွေဟာ အမျိုးအမည်ပေါင်းများစွာနဲ့ ရှိနေပါတယ်။ Monaural လို့ခေါ်တဲ့ mono unit headset ဟာ နားမှာတပ်ဆင်ဖို့အတွက် single ပါဝင်ပြီး micro-phone ကို ပါးစပ်နား ကပ်ပြောတဲ့ပုံစံမျိုး ဖြစ်ပါတယ်။ Stereo headset ၊ ဒါမှမဟုတ် headphone တွေကတော့ နားတပ်ဆင်စရာ earpiece နှစ်ခုနဲ့ဖြစ်ပြီး ခေါ်ဆိုမှုရော အသံ (ဂီတသံ) နားဆင်မှုပါ ပြုလုပ်နိုင်ပါတယ်။

ဒီလို bluetooth headset model တွေကို headset ပြုလုပ်သူတွေ ဖြစ်တဲ့ plantronics ၊ motorola နဲ့ nokia တို့အပြင် bluetooth တစ်ခုတည်း ထုတ်လုပ်တဲ့ Aliph တွေမှာ ရှာဖွေနိုင်ပါတယ်။ အနိမ့်ဆုံးအနေနဲ့ bluetooth mono headset ဟာ ၂၅ ဒေါ်လာနဲ့ စတင်ပြီး အမြင့်ဆုံးအနေနဲ့ အနည်းဆုံး ဒေါ်လာ ၁၀၀ကနေ ၁၅၀ အထိ ရှိပါတယ်။ Stereo headphone တွေကတော့ ဒေါ်လာ ၂၀၀ ထက် ပိုကောင်းပိုနိုင်ပါတယ်။

အဲဒါတွေက ပလတ်စတစ်ဖြစ်နိုင်သလို ရာဘာ ၊ ဒါမှမဟုတ် သတ္တုလည်းဖြစ်နိုင်ပြီး သားရေလည်း ဖြစ်နိုင်ပါတယ်။ အချို့ stereo headset တွေမှာ earpad တွေပါပြီး နားရဲ့အဝေးမှာထားကာ ကြိုးမျှင်မျှင်လေးတစ်ချောင်းနဲ့ ဆက်သွယ်နိုင်ပါတယ်။ ပြီးတော့ headset တီထွင်သူ တွေဟာ function နဲ့ button တွေကို ကွဲပြားခြား နားစွာပြုလုပ်ထားကြတာဖြစ်ပါတယ်။ အချို့က button တွေ နည်းတယ်။ အခြားအရာတွေမှာတော့ ပိုများပါတယ်။






## In-car speakerphones

Blue Ant wireless ၊ Jabra ၊ LG electronics ၊ Motorola နဲ့ Parrot တို့လိုမျိုး ကုမ္ပဏီတွေကနေကားသုံး bluetooth များစွာကို ထုတ်လုပ်နေတာတွေ့နိုင်ပါတယ်။ နောက်ထပ်လည်း ကုမ္ပဏီပေါင်းမြောက်မြား စွာက ထုတ်လုပ်လာနေဆဲပါပဲ။ Brand new ကားတွေမှာဆိုရင် bluetooth kit တွေ installed လုပ်ထားကြပါတယ်။

## Battery

Battery တာရှည်ခံမှုကို စဉ်းစားတဲ့အခါမှာလည်း range များများ ရရှိနိုင်ပါတယ်။ ထုတ်လုပ်သူပေါ်မှာ မူတည်ပြီး mono headset တွေရဲ့ talk time ဟာ ၄ နာရီလောက်ကနေ ၉ နာရီအထိ ဖြစ်ပြီး stand by time က နာရီ ၁၀၀ လောက်ကနေနာရီ ၂၅၀ အထိ ရှိပါတယ်။ Speaker phone တွေအတွက်ကတော့ talk time ကို ၁၄ နာရီနဲ့ နာရီ ၂၀ အထိ တိုးချဲ့နိုင်ပြီး stand by time က နာရီ ၃၀၀ ကနေ အများဆုံး နာရီ ၈၀၀ အထိလို့ ဆိုထားပါတယ်။

နောက်တစ်ခုဖြစ်တဲ့ နေရွှမ်းအင်သုံး speaker phone တွေကတော့ theory အရ အကန့်အသတ်မရှိ ပြောနိုင်ပြီး stand by time လည်း အကန့်အသတ်မရှိ ရရှိပါတယ်။ ဒါပေမဲ့ device အနေနဲ့နေ့တိုင်း နေရောင်ခြည်ကိုများစွာ ထိတွေ့နိုင်ရမှာ ဖြစ်ပါတယ်။

## အသုံးပြုထားတဲ့ နည်းပညာပိုင်း

Bluetooth 3.0+Hs ဟာ ယခုလက်ရှိ လိုအပ်မှုအတွက် current အဖြစ်ဆုံးပဲ ဖြစ်ပါတယ်။ 802.11Wi-Fi ပေါ်က bluetooth protocol ရဲ့ ခွင့်ပြုထားတဲ့ပါဝင်မှုတွေနဲ့ version ဖြစ်ပါတယ်။

## Bluetooth Standards: အဟောင်းနဲ့အသစ်

အခုချိန်မှာ များစွာသော phone အမျိုးအသစ်တွေ headset တွေနဲ့ ကား speakerphone တွေအပြင် သူတို့ကို ထောက်ကူပြုတဲ့ bluetooth spec ၊ bluetooth 2.1 + EDR တွေဆိုပြီး တွေ့နေကြရပါတယ်။

### Bluetooth version 3.0+HS

Bluetooth version 3.0+HS (high speed) ဟာ ပိုပြီးမြင့်မားတဲ့ data ရယူမှုနှုန်းတွေနဲ့ အသစ်ပါဝင်မှုတွေအပြင် ကြီးမားတဲ့ data တွေကို Wi-Fi signal ပေါ်က နေရာယူနိုင်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် photo တွေ၊ ဒါမှမဟုတ် music library တွေကို download ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်၊ ဒီ 3.0+HS version ရဲ့ spec အရ battery သက်တမ်းကြာရှည်ခံနိုင်မှုနဲ့ ပိုကောင်းတဲ့လုံခြုံရေးတွေကိုပေးနိုင်မယ်လို့ ဆိုထားပါတယ်။

### Bluetooth version 2.1+EDR (Enhanced data rate)

Bluetooth version 2.1 +EDR ဟာ bluetooth ရဲ့ နောက်ဆုံး version ဖြစ်ပြီး ကောင်းမွန်တဲ့လုံခြုံမှုကို ပေးစွမ်း ပါတယ်။ PIN ရိုက်ထည့်ဖို့မလိုတဲ့ design ကလည်း ပေါ့ပါး headset ကို turn on လုပ်လိုက်ပြီးတဲ့နောက် phone menu "Add Headset" ကို select လုပ်ရမှာပါ။

### Bluetooth version 2.0 +EDR (Enhanced data rate)

Bluetooth version 2.0 ကတော့ phone နဲ့ headset ကို တပ်ဆင်မယ့် လုပ်ငန်းစဉ်အဆင့်တွေကို ဖြတ်သန်းတဲ့ အခါလိုအပ်ချက်တွေရှိနေပါတယ်။ Headset ကို turn on လုပ်တဲ့အခါ phone က ဒီ headset ကို အသိအမှတ်ပြုဖို့ ရှာဖွေပါတယ်။ ပြီးမှ connect လုပ်ပေးပါတယ်။

## Rrange အတိုင်းအတာ

Bluetooth call ရဲ့ပါဝင်မှုဟာ range အနေနဲ့ ၃၂၈ ပေ (၂၀၀ မီတာ) အထိ ပေးစွမ်းနိုင်ပါတယ်။ ဒီ range ကို support လုပ်တဲ့ model တွေက နည်းပြီး သူ့ကို Class 1 အမျိုးအစားအဖြစ် သတ်မှတ်ပါတယ်။ Class 2 အမျိုးအစား headset ၊ ဒါမှမဟုတ် speaker phone တွေရဲ့ အလုပ်လုပ်နိုင်တဲ့ range ကို ၃၃ ပေ (၁၀ မီတာ) အထိဆိုပြီး ကန့်သတ်ထားပါတယ်။ Headset အများစုနဲ့ speaker phone တွေက class 2 အုပ်စုမှာ ပါဝင်ကြပါတယ်။

## Bluetooth Headset Buying Tip

Bluetooth headset ဝယ်မယ်ဆိုတဲ့အခါ ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တွေကိုကတော့ ...





### ပတ်ဝန်းကျင်နဲ့ လိုက်ဖက်ညီ

ကားပေါ်မှာ၊ ဒါမှမဟုတ် အများသုံးယာဉ်ပေါ်မှာ၊ ဒါမှမဟုတ် တခြားဆူညံမှုတွေရှိတဲ့နေရာမှာ phone ကိုအသုံးပြုပြီး စကားတွေ အများကြီး ပြောဖို့လိုမယ်ဆိုရင်တော့ ဒီလိုဆူညံမှုတွေကို reputation ကောင်းကောင်း လုပ်နိုင်တဲ့၊ ဆူညံမှုတွေကို ပယ်ဖျက်နိုင်တဲ့ headset ကို ရှာဖွေရမှာ ဖြစ်ပါတယ်။

### ဘယ်လိုပုံစံကိုရွေးမလဲ

Earhook နဲ့ earbad နှစ်မျိုးစလုံးဟာ ဘယ်လို သက်သောင့်သက်သာရှိမှုတွေကိုပေးမလဲဆိုတာ သိဖို့ခက်ခဲပါတယ်။ မျက်မှန်တပ်ဆင်ထား တယ်ဆိုရင်တော့ earhook ၊ ဒါမှမဟုတ် stereo headphone အသုံးပြုတဲ့အခါ နားကျင်မှုကို ခံစားရမယ်ဆိုတာ သတိပြုရပါမယ်။

### ကိုယ်က ဘယ်လောက်အတိုင်းအတာအထိသုံးမှာလဲ

တစ်နေ့မှာ အကြိမ်ရေများစွာ ဖွင့်လိုက်၊ ပိတ်လိုက် လုပ်ဖို့လိုမယ်ဆိုရင် pop headset ကို သုံးရမှာ ဖြစ်ပါတယ်။ အချိန်တော်တော်ကြာအောင် နားပေါ်မှာ headset ကို တားဖို့ဆိုရင်တော့ earhook နဲ့ headset က style ကျဖို့အတွက် ပိုပြီး သင့်တော်ပါလိမ့်မယ်။

### ထောက်ပံ့ပေးနိုင်မှု

Pluetooth phone အားလုံးဟာ အချို့ bluetooth headset တွေကို မထောက်ပံ့နိုင်ဘူးဆိုတာ သိထားရပါမယ်။ များစွာသော headset ထုတ်လုပ်သူတွေဟာ သူတို့ရဲ့ website မှာ အသုံးပြုဖို့ အဆင်ပြေမယ့် အမျိုးအစားတွေကို list နဲ့ ဖော်ပြထားလို့ ကိုယ့် phone ရဲ့ ပြုလုပ်ထားပုံနဲ့ model ကို ဝင်ရောက်ရှာဖွေနိုင်ပါတယ်။



## Speakerphone Buying Tips

ကားတွင်းသုံး speakerphone ဝယ်ယူမယ်ဆိုရင်တော့ ကားအတွင်းအပြင် ဆူညံသံ၊ နှောင့်ယှက်မှုတွေအတွက် ဖယ်ရှားနိုင်မယ့် level တွေကို ထည့်ပြီးစဉ်းစားရမှာ ဖြစ်ပါတယ်။

### အရွေ့အပြောင်း ပြုလုပ်မှာလား

Speakerphone ကို ကားကနေ တားပွဲ၊ ဒါမှမဟုတ် အားလပ်ရက်မှာ နောက်တစ်စီး စသဖြင့် ဒီလို အကြိမ်များစွာ ရွှေ့ဖို့လိုနေမယ်ဆိုရင် ပေါ့ပါး ရွှေ့လျားနိုင်မှုကို အဓိကထားပြီး ရှာဖွေရမှာပါ။

### Flashing light ကိုလည်းသတိထားရပါမယ်

ဖွင့်လိုက် ပိတ်လိုက်၊ မှိတ်တုတ်မှိတ်တုတ်နဲ့ သူ့အလိုလို ဖြစ်နေတဲ့ headset ရဲ့ flashing lights ကိုလည်း သတိထားကြရမှာ ဖြစ်ပါတယ်။ များသောအားဖြင့် car kit တွေဟာ sport blinking light တွေနဲ့ပါ။ အထူးသဖြင့် ညအခါမှာ သူတို့ကို အသုံးပြုနိုင်သေမယ့် အလိုရှိသလောက်ပဲ သုံးပြီး ပြန်ပိတ်လို့ရပါတယ်။

### Natural resources ကို သုံးနိုင်

သဘာဝအရင်းအမြစ်ကိုပဲ သုံးချင်တယ်ဆိုရင် သုံးနိုင်ပါတယ်။ အချို့ bluetooth speakerphone တွေဟာ solar-power နဲ့ ဖြစ်ကြတော့ နေရဲ့ပုံမှန်အလင်းထုတ်လွှတ်မှုကနေ recharge လုပ်နိုင်ပါတယ်။ အဲဒီအတွက် AC adapter နဲ့ USB charger တွေ မလိုအပ်တော့ပါဘူး။

## နောက်ဆုံး သတိပေးချက်

တကယ်လို့ bluetooth car speakerphone ၊ ဒါမှမဟုတ် headset ပဲဖြစ်ဖြစ် မဖြစ်မနေ ဝယ်ယူရတော့မယ်ဆိုရင် ကိုယ့်ထက်အရင် အသုံးပြု ထားတဲ့ သူတွေကို မေးမြန်းစုံစမ်းကြည့်သင့်ပါတယ်။ တပ်ဆင်ထားတဲ့အခါ သက်သောင့် သက်သာရှိမှု၊ battery ခံနိုင်ရည်အတိုင်းအတာနဲ့ လုပ်ဆောင်ရလွယ်ကူမှုလို အရာမျိုးတွေကို device manual ထဲမှာ ကြည့်တာထက် သုံးပြီးသား သူတွေရဲ့ ထင်မြင်ချက်က ပိုပြီးမှန်ကန်နိုင်တာကြောင့် ဖြစ်ပါတယ်။ ဒီလိုမေးမြန်းလို့ မရနိုင်ဘူးဆိုရင်လည်း ဝယ်မယ့်ဆိုင်မှာ စမ်းသုံးကြည့်ဖို့၊ ဒါမှမဟုတ် ရောင်းသူကို စမ်းပြဖို့ အားထုတ်သင့်ပါတယ်။

အောင်ရဲမောင်မောင်